
ရွှေပဒေသာစာပေ

# ခေတ်ပျိုမြ

၃



( အပြင်းစားအချစ်လုံးချင်းဝတ္ထုသစ် )

# အခန်း (၁)

"ဗျို့ . . .ဒေါ်ကြီးခင်လှ၊ ဒေါ်ကြီးခင်လှ"

အိမ်ရှေ့က အမောတကောခေါ်သံကြောင့် ဒေါ်ခင်လှတစ်ယောက် ပျာပျာသလဲ ထွက်လာပြီး . . .

"ဟဲ့ ဖိုးတုတ် . . . ဘာဖြစ်လာတာလဲ။ အထိတ်တလန့်နဲ့"

"ရွာ . . . ရွာထဲမှာ ဗလထန်းရည်မူးပြီး ရန်ဖြစ်လို့၊ အဲဒါ"

ဒေါ်ခင်လှတစ်ယောက် ဖိုးတုတ်စကားကြောင့် ရင်တုန်ပန်းတုန် ဖြစ်သွားတယ်။ ပါးစပ်ကလည်း . . .

"ဘုရား . . . ဘုရား၊ ဒီကလေးနဲ့တော့ခက်ပါတယ်။ ဗလ . . . ဗလ . . . နင်ဟာလေ ဒီမုဆိုးမ မအေအိုကြီးကိုပဲ အမြဲဒုက္ခပေးနေတယ်"
ဆိုပြီးညည်းနေတယ်။

"အဲဒါ ဒေါ်ကြီးခင်လှ သွားလိုက်ဦး။ ဒီချိန်ဆိုရင်တော့သူကြီးအိမ်ကို ရောက် ရောက်နေလောက်ပြီ"

"သြော် . . . အေး အေး၊ ကျေးဇူးပါပဲ ဖိုးတုတ်ရယ်။ ငါလိုက်သွားပါ့မယ် . . . အဟင်း"

ဒေါ်ခင်လှကတော့ သားဖြစ်သူဗလအတွက် စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းတစ်ချက်ကိုချပြီး သူကြီးအိမ်ကို သွားဖို့အတွက် ပြင်ဆင်နေပါတယ်။

ဒီတစ်ခါလည်း ဘယ်လောက်လျော်ရဦးမယ်မသိ။ ဒီကလေးဟာလေ ရန်ဖြစ်တာကိုပဲ ဝါသနာပါသလား မပြောတတ်ပါဘူး။ တကယ်တည်း အားအားရှိ

ရန်ပဲပတ်ဖြစ်နေတယ်။ ရွာထဲမှာ ဖြစ်ချင်ဖြစ်၊ အဲ ရွာထဲမှာ ရန်မဖြစ်ရလို့ကတော့ တခြားရွာကလူတွေနဲ့ ပွဲကြမ်းပြီသာမှတ်။

လူကသာ လူဖလံလေး၊ ကြီးလိုက်တဲ့စိတ်က မြင်းမိုရ်တောင်ထက်သာတယ်။ စိတ်ကလည်း ဘာဆတ်သလဲမမေးနဲ့။ သူ့အဖေငယ်ငယ်တုန်းကအတိုင်းပဲ။

သူ့အဖေကလည်း အဲလို လူစွာလုပ်လွန်းလို့ အပေါက်ကျဉ်းနဲ့သေသွားရတာ လေ။ ဘယ်မှာ လက်သည်ပေါ်လို့လဲ။ အဲဒါကြောင့် မအေဖြစ်သူက ဖအေလိုမဖြစ်သင့်တာ မဖြစ်ရလေအောင် ဆိုဆုံးမပေမယ့် ဒင်းက ဖအေတူသား။ အတော်ခေါင်းမာတဲ့ကလေး။ ခက်တယ် . . . ခက်တယ်။

မအေက ငွေထုပ်ပိုက်ပြီးဖြစ်တဲ့ပြဿနာကို ဒိုင်ခံဖြေရှင်းပေးနေလို့သာပေါ့။ မဟုတ်လို့ကတော့ မလွယ်ဘူး။ ရွာထဲမှာ စီခနဲမကြားလိုက်နဲ့ အဲဒါ ဗလပဲ။

ဟိုတစ်ခါကလည်း ရွာထဲကသာဖေကို သူ့ရှေ့မှာ ကွမ်းတံတွေးထွေးရကောင်းလားဆိုပြီး တုတ်နဲ့ကောက်ဆော်လိုက်တာ။ ဘယ်နည်းလို့လဲ၊ သုံးချက် ချုပ်ယူရတယ်။

ဒီတုန်းကလည်း တစ်ဖက်သူတွေကျေနပ်အောင် ခြေသလုံးဖက် တောင်းပန်လိုက်ရတာ ။ တကယ့်ကို ငွေကုန်လူပမ်းပဲ။

ဒင်းကို ဖတဆိုးသားလေး၊ တစ်ဦးတည်းသောသားလေးဆိုပြီး အလိုလိုက်ခဲ့မိတာကို အခုမှပဲ နောင်တကောင်းကောင်းရမိတယ်။

ပညာရေးကျလည်း စိတ်ကမဝင်စားဘူး ဆယ်တန်းကို လေးနှစ်ရှိပြီလေ။ ကျတာ။ ဟော ဒီနှစ်လည်း ငါးနှစ်မြောက်အနေနဲ့ ဖြေထားပါသေးတယ်။

မထင်ပါဘူး၊ ထုံးစံအတိုင်းပဲ နေမှာပါ။ မိဘကိုလည်း ဘာတစ်ခုမှ ကူဖော်လောင်ဖက်မရဘူး။ ထမင်းစားချိန်လေးနဲ့ အိပ်ချိန်လေး ပြန်ရောက်လာရင်ကိုပဲ သူ့ကို ကျေးဇူးတင်နေရတာ ။

ဒင်းက အပျော်အပါးကျလည်း မက်လိုက်သေးတာ။ ဖဲဝိုင်း၊ ကြက်ဝိုင်း သွားမကြည့်လေနဲ့ ဒင်းကဒိုင်ပဲ။ အဲ သူကတော့ ဖဲညစ်ရင် ညစ်မယ် သူများညစ်တာသိလို့ကတော့ ဒင်းက ဆော်ပလော်တီးတော့တာပဲ။

အခုဆိုရင် ဒင်းကို တစ်ရွာလုံးက အော့ကြောလန်နေကြတာ။ မအေက ငွေစကြေးစလေးနဲ့ ရွာမျက်နှာဖုံးဖြစ်နေလို့သာ ဒီကောင်ခံသာနေတာ။ မဟုတ်လို့ကတော့ ဗလတို့ ဒီရွာမှာ ဘယ်လူစွာဖြစ်ပ့ါမလဲ။

ဒင်းကိုကြည့်တော့ လက်တစ်ဆုပ်စာလေးရယ်။ အဲဒါကြောင့်လည်း ဗလလို့ အမည်တွင်လာတာပေ့ါ။ နာမည်အရင်းကတော့ ဇော်ထိုက်တဲ့။

ဒါပေမယ့် တစ်ရွာလုံးက ကလေးအစ ခွေးအဆုံး ဒင်းကို ဗလလို့ပဲ သိတယ်။ ဇော်ထိုက်လို့များ သွားမမေးလေနဲ့ ရွာလည်သွားမယ်။ ဘယ်သူမှသိမှာ မဟုတ်ဘူး။

ဗလက ဒီရွာနီးချုပ်စပ်မှာတော့ နာမည်ကြီးပဲ။ မင်းသားနေတိုးကို မသိရင်သာနေမယ်၊ ဗလဆိုရင်တော့ အကုန်သိတယ်။ ဒင်းသတင်းလေးကလည်း မွှေးနေတာကိုး။ ဘာတဲ့ သူရန်ဖြစ်တိုင်းပြောတတ်တဲ့စကားတစ်ခွန်းက"သြော် သိပြီ သိပြီ၊ ဗလကွ ဗလသာ မရှိတာ ဇနဲ့ကွ" တဲ့လေ။

တော်သေးတာက မိန်းမကိစ္စမရှုပ်လို့ပေ့ါ။ ဒီနှာခေါင်းကိစ္စပါ ပါလာရင်တော့ သံတိုင်တွေကြားမှာ ဒင်းမျက်နှာငယ်လေးကို မြင်ယောင်သေးတယ်။

ခြေငြိမ်သွားအောင်ဆိုပြီး မအေလုပ်သူက တခြားရွာသူတစ်ယောက်နဲ့ ဒင်းကို ပေးစားဖို့ကြံသေးတယ်။ ဒင်းက ဒါမျိုးကျ စိတ်ကို မဝင်စားတာ။ လက်လည်းမခံဘူး။ လူသာသေးတာ၊ လေကြီးလေကျယ်က ပြောသေးတာရယ်။

နှလုံးသားက ရင်ခုန်သံတွေ သူ့နားနဲ့ ဆတ်ဆတ်ကြားရမှ လက်ထပ်မှာတဲ့လေ၊ ဒင်းက။

ပြောလို့သာပြောရတာ ပါ။ ဒင်းကို ယူရဲမယ့်မိန်းကလေးကိုလည်း မမြင်မိပါဘူး။ ဟိုတစ်ဖက်ရွာက မိန်းကလေးကိုတောင် မအေဖြစ်သူက တစ်ဖက်လှည့်နဲ့ ငွေပုံပေးပြီး ဆွဲဆောင်ထားလို့သာ။

ဒါကို ဒင်းက အပြတ်ငြင်းလိုက်တယ်လေ။ ကြီးကြီးကျယ်ကျယ်နဲ့။ ဗလ . . . ဗလ ဒင်းအကြောင်းပြောရရင်တော့ မိုးသာလင်းသွားမယ်၊ ဇာတ်လမ်းက ဆုံးမှာကိုမဟုတ်ဘူး။

ကြားထဲက မအေကြီးက သနားစရာ။ ဖြစ်သမျှကို လိုက်ရှင်းပေးနေရတော့တာ။

သူကြီးကိုလည်း မျက်နှာပူလှပြီ၊ ခက်တာက ဒင်းပဲ။ ဘယ်လိုချော့ပြောပြော ခြောက်ပြောပြော မရဘူးလေ။ ဒီတော့လည်း မဖြစ်တဲ့အဆုံး လွှတ်ပေးထားရတော့တာပါပဲ။

သူ့ကိုဆူရင်တော့ ပြန်ပြောပါလိမ့်မယ်။

"သားကိုပဲ ဆူမနေနဲ့အမေရ၊ သားက ပြဿနာလိုက်ရှာနေတာ မဟုတ်ဘူး၊ ပြဿနာကသာ သားကို တမင်သက်သက် လိုက်ရှာနေတာဗျ" ဆိုပြီး ဇွတ်အတင်းခံပြောပါလိမ့်မယ်။

အခုဆို တစ်ရွာလုံးက ဗလဆိုရင် ဝေါင်ဝေါင်ရှည်ပဲ။ ဝေးဝေးကရှောင်တယ်။ ကလေးတွေ ခွေးတွေတောင် ဗလ လာတာမြင်ရင် ထွက်ပြေးကြတယ်။

အငိုသန်တဲ့ကလေးတွေများ "ဗလလာပြီ" လို့သာခြောက်လိုက် တိခနဲ အငိုရပ်သွားလိမ့်မယ်။ ဒင်းက အဲသလောက် စွမ်းတယ်။ ရှာမှရှားဆိုတဲ့

အစားထဲကပဲ။

ဒင်းကိုဆိုရင် တစ်ရွာလုံးက သရဲတစ္ဆေ တစ်ကောင်လိုကြောက်ကြလန့်ကြတယ်။

ဘယ်သူတွေ ဘယ်လိုထင်ထင် ဗလကတော့ ဂရု လုံးဝမစိုက်။ ကိုယ့်ထမင်းကိုယ်စားပြီး ကိုယ်ကြိုက်တာကိုယ်လုပ်နေတာတဲ့လေ။

ကွယ်ရာမှာ အတင်းအဖျင်းတွေ ပြောချင်သလောက်သာပြော၊ အဲ . . . ရှေ့မှာတော့ နည်းနည်းမှ ကျွံမလာလေနဲ့ ဗလအကြောင်းကောင်းကောင်းကြီး သိသွားစေရမယ်။

တစ်ရွာလုံးနဲ့ တစ်ယောက်ဆိုပေမယ့် ဗလက သူ မမှားပါဘူးတဲ့လေ။ ဟုတ်မှာပါ . . . ဟုတ်မှာပါ။ကဲ . . . အဲဒါတွေ နောက်ထား၊ အခု လောလောဆယ်တော့ ဒေါ်ခင်လှတစ်ယောက် သူကြီးမင်းအိမ်ကို ပိုက်ဆံအိတ်ကလေးဆွဲပြီး သုတ်ခြေတင်သွားလေရဲ့။

## အခန်း (၂)

"ဗလ . . . မင်းဟာက မလွန်လွန်းဘူးလား။ ကျော်ထက်က သူ့ဘာသာ ထန်းရည်သောက်တာ၊ မင်းကိုရန်စတာမှ မဟုတ်တာ"ဒါ သက်သက်မဲ့ ဗလကိုရန်စတာပဲ သူကြီးရ။ ဒီတမြူထဲပဲ ကျန်တော့တဲ့ထန်းရည်ကို ကျွန်တော် ယူဖို့ပြောထားပြီးသားလေ၊ ဒါကို ဒီကောင်က"

ဗလရဲ့ အာလေးလျှာလေးသံကြီးကို သူကြီးမင်းခမျာ မနည်းသည်းခံပြီး နားထောင်နေရတယ်။ ချည်စူးစူး ထန်းရည်နံ့ကလည်း ထောင်းထောင်းထလို့။ ဒါကိုပဲ ဗလက သူမမူးပါဘူး။ မူးလို့ရန်ဖြစ်တာမဟုတ်ရပါဘူးတဲ့။ အတင်းခံငြင်းနေတာ။

"ကဲ ကဲ . . . ဘာပဲဖြစ်ဖြစ် ဗလ၊ မင်းမှာ အပြစ်ရှိတယ်။ ကျော်ထက်က မင်းမှာထားတာလည်း သူမသိဘူး။ ထန်းရည်ကဒီတအိုးထဲ ကျန်နေတာလည်း သူမသိပါဘူးတဲ့။ ဒါကို မင်းက မပြောမဆိုနဲ့ ကောက်ရိုက်တာလေ။ အခုတော့ ကောင်းသေးလား။ ထိပ်ပေါက်၊ ခေါင်းကွဲတွေ ဖြစ်ကုန်ပြီ၊ တစ်ရွာသားချင်းတွေပဲဟာကို"

"ဟာ . . . သူကြီးကလည်းဗျာ"

"သူကြီးကလည်းဗျာတွေ, ဘာတွေ လုပ်မနေနဲ့။ ဟိုမှာ မင်းအမေ မခင်လှ လိုက်လာပြီ"

ဒေါ်ခင်လှက သူကြီးခြံဝန်းထဲ ရောက်တယ်ဆိုရင်ပဲ ရန်ဖြစ်ရတဲ့ အကြောင်းအရင်းကို မေးမြန်းမနေတော့။ တစ်ဖက်ကိုပဲ အရင် တောင်းပန်နေတယ်။ သူ့သားအကြောင်း သူသိပြီးသားကိုး။ ဘာပဲဖြစ်ဖြစ် ဗလဘက်က အမှားပဲ။

"ကျွန်မ တောင်းပန်ပါတယ်ရှင်။ ကျွန်မ ကျေနပ်တဲ့အထိ တောင်းပန်ပါတယ်။ ဆေးဖိုးဝါးခကိုလည်း ကျွန်မပဲ ကျခံပါမယ်"

"ဘာမှ တောင်းပန်စရာမလိုပါဘူး အမေရာ"

"ဟဲ့ကောင် ငမူး ဗလ . . . နင့်ပါးစပ်ပိတ်ထားစမ်း"

ဗလကို ပိတ်ဟောက်လိုက်ပြီး ဒေါ်ခင်လှက တစ်ဖက်လူတွေကို တောင်းပန်းသမှု ထပ်ပြုနေတယ်။

"ကျွန်မသားက အဲလိုပဲ မူးရင် လူစိတ်ကို ရှိတာမဟုတ်ဘူး။ ဒင်းရင် မြန်မြန်သေမှ၊ ကျွန်မရင် အရင်သေမှပါရှင်။ ဒင်းနဲ့လည်း စိတ်ဆင်းရဲလှပါပြီ"

"ကျွန်မတို့က အလျော်လိုချင်လို့ သူကြီးကို လာတိုင်တာ မဟုတ်ပါဘူး။ ရှင့်သားဗလက မိုက်ရိုင်းလွန်းလို့ လာပြောတာ"

"ဟာ . . . ဒီမိန်းမကြီးကတော့ဗျာ"

ကျော်ထက်အမေရဲ့စကားကြောင့် ဗလက ရှူးရှူးရှားရှား ထဖြစ်လာတယ်။

ဟဲ့ကောင် ဗလ . . . တိတ်စမ်း။ ဟုတ်ပါတယ်ရှင် . . . ကျွန်မ ကျေနပ်အောင် လုပ်ပေးပါ့မယ်"

"ကျွန်မသားလေးခေါင်းက ဒဏ်ရာက နည်းတာမဟုတ်ဘူးရှင့်။ ကျွန်မကတော့ ရှင့်သားကို အပြစ်ပေးမှပဲ ကျေနပ်နိုင်မယ် သူကြီး။ ဒီကောင့်ကို ပြစ်ဒဏ်ပေးပါရှင်"

တရားလိုဘက်အဆိုကြောင့် ကြားထဲကသူကြီးမင်း ခေါင်းကုတ်တယ်။

ဗလကတော့ မှင်သေသေပဲ။ ဒေါ်ခင်လှကတော့ သူကြီးကိုတစ်လှည့် ကျော်ထက်အမေကိုတစ်လှည့်စီကြည့်ပြီး မျက်နှာငယ်လေးနဲ့။

"မလုပ်ကြပါနဲ့ရှင် . . . နောက်ကို ဒီလိုမဖြစ်စေရပါဘူးရှင်။ ကျွန်မ အာမခံပါတယ်"

"အို . . .မရဘူး၊ အပြစ်ပေးမှုကို ကျေအေးနိုင်မယ်"

"ကဲ ကဲ . . . တော်ကြပါတော့။ ကျုပ်အဆင်ပြေအောင် လုပ်ပေးပ့ါမယ်။ ကဲ . . . မခင်လှ ခင်ဗျား ကျုပ်ဆုံးဖြတ်ချက်အတိုင်း နာခံမှာလား"

ဒေါ်ခင်လှက ခေါင်းညိတ်ပြရင်းမှ . . .

"နာခံပ့ါမယ် သူကြီးရယ်"

"ကဲ ကဲ . . . မသောင်းစိန်ကရော ဘယ်လိုလဲ"

"ဒီကောင် အပြစ်ကျရင် ကျေနပ်တယ်"

သူကြီးက သူ့တပည့်ကျော်နှစ်ယောက်ကို မျက်နှာရိပ်မျက်နှာကဲပြလိုက်ပြီး . . .

"ကဲ . . . မခင်လှရေ . . . ဘယ်လိုမှလည်း သဘောမထားနဲ့ဗျာ။ တစ်ဖက်က ဗလကို အပြစ်ပေးမှုကို ကျေနပ်မှာ။ ဒီတော့ နင့်သားကို ထိတ်တုံးခတ်ကိုခတ်ရမှာပဲ။ မသောင်းစိန်ကလည်း ဒီလောက်ဆို ကျေနပ်ပေ့ါ"

စကားဆုံးတော့ တပည့်ကျော်နှစ်ယောက်က တစ်ဖက်တစ်ချက်စီကနေ ဗလကို မတယ်။

"ဟိတ်ကောင်တွေ . . . ဖယ်စမ်း၊ ဒါ ဘာလုပ်တာလဲ။ မင်းတို့ ဗလအကြောင်း သိတယ်နော်"

ဗလစကားကြောင့် သူကြီးရဲ့တပည့်ကျော်နှစ်ယောက် တွန့်သွားတယ်။

"ဟိတ်ကောင်တွေ . . . ဘာလုပ်နေတာလဲ၊ ထိတ်တုံးခတ်လေကွာ"

ဒီတော့မှ 'ဟုတ်ကဲ့သူကြီး' ဆိုပြီး နှစ်ကောင်သား

ကြောက်ကြောက်ရွံ့ရွံ့နဲ့ မ,သွားကြတယ်။

မတ်မတ်တောင် မရပ်နိုင်တော့တဲ့ဗလက လေလုံးကတော့ လုံးဝမလျှော့။

"ဟိတ်ကောင်တွေ . . . ဗလကွ။ ဗလ,မရှိပေမယ့် ဧ ရှိတယ်နော်"

"အဲဒါသာကြည့်ကြပါတော့ရှင် . . . ဒီကလေးက ဆိုးကိုဆိုးတာ။ ကျွန်မလည်း ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူးရှင်"

ဒေါ်ခင်လှတစ်ယောက် သားဖြစ်သူအတွက်နဲ့ မျက်နှာငယ်ရပေါင်း မနည်းတော့။ ထိတ်တုံးခတ်ပေးတဲ့သူကြီးကိုတောင် ကျေးဇူးတင်မိတယ်။ အနည်းဆုံး သုံးရက်လောက်တော့ သူ စိတ်ချလက်ချ အိပ်ရ စားရမယ် မဟုတ်လား။

ဗလကတော့ ထိတ်တုံးအခတ်ခံရင်းကနေ တခူးခူး တခေါခေါတောင် ဟောက်နေပေပြီ။ သူကြီးကတော့ ဗလကိုကြည့်ပြီး သက်ပြင်းချတယ်။

"ဗလ . . . ဗလ . . . ငါလည်း ဒီကောင့်ကို ဘယ်လိုလုပ်ရမှန်းကို မသိတော့ဘူး"

ဒေါ်ခင်လှကတော့ တွေးမိတယ်။

အင်း . . . ဒီတခါ ငါ့သားလေး ထိတ်တုံးကလွတ်လာရင် ရွာဦးဘုန်းကြီးကျောင်းမှာ ချော့မော့ပြီး ကိုရင်ဝတ်ခိုင်းရမယ်။ ငါ့သားလေး လိမ္မာလို လိမ္မာငြား။ ငါကသာ တွေးနေတာပါလေ၊ ဒင်းက ဘယ်လိုလာဦးမယ် မသိဘူး။

စိတ်ညစ်ပါတယ် ဗလရယ်။

## အခန်း (၃)

ကျွန်တော့်အတွက်တော့ ထိတ်တုံးခတ်ခံရတယ်ဆိုတာ ရိုးအီနေပါပြီ။ ထွေထွေထူးထူး သိပ်ခံစားမနေရပါဘူး။ အဲ ဒါပေမဲ့ တစ်ခုရှိတယ်။ တစ်ယောက်တည်း ထိတ်တုံးခတ်ခံထားရတာ ဆိုတော့ ပျင်းတော့ပျင်းတာပေါ့ဗျာ။

တစ်ရွာလုံးက ကျွန်တော့်ကိုပြောကြတယ်။ အမူးသမား၊ ဖဲသမား၊ လူရမ်းကား၊ အလကားကောင်စသဖြင့်ပေါ့ဗျာ။ ခက်တာက အဲသလို ကျွန်တော့်ကို လက်ညှိုးဝိုင်းထိုးကြတဲ့လူတွေထဲမှာ အမေပါ ပါနေတာပဲဗျ။ ဒါမဖြစ်သင့်တဲ့ကိစ္စပဲ။ တကယ်ဆို အမေ့အနေနဲ့တော့ ကျွန်တော့်ဘက်က ပါသင့်တာပေါ့။ ပြေးကြည့်မှ ဒီသားအမိလေး နှစ်ယောက်ပဲ ရှိတဲ့ဟာကို၊ ထားပါ။

လူတွေက ကျွန်တော့်ကိုပဲ အဆိုးမြင်ကြတယ်။ ကျွန်တော်ဘာပြဿနာပဲ တက်တက် ကျွန်တော်ကအမှားလို့ပဲ အားလုံးက မြင်ကြတယ်။

နှစ်ဖက်နှစ်လမ်း မတွေးကြဘူး။ လူတွေက ရယ်ဖို့ကောင်းတယ်ဗျာ။ ဟော . . . အခုလို ကျွန်တော် ထိတ်တုံးခတ်ခံထားရတာ ကို တစ်ရွာလုံးက (အမေအပါအဝင်) ပျော်နေကြမှာ၊ ရက်ကြာလေ ကြိုက်လေပဲနေမှာပဲ။

တကယ်တော့ ရွာကလူတွေက ကျွန်တော့်ကို အထင်အမြင်တွေ စောင်းနေကြတာပါ။ ခပ်ရိုင်းရိုင်းပြောရရင်တော့ တစ်ရွာလုံးက ကျွန်တော့်ကို မနာလိုဖြစ်နေကြတာလေ။

ကျွန်တော်ပြောပြမယ်၊ ကျွန်တော့်အမေ မခင်လှက ဟောဒီ တစ်ရွာလုံးမှာ အချမ်းသာဆုံး။ အမေ့လက်ဝေခံတွေက ရွာတစ်ဝက် နီးနီးရှိတယ်။

နောက်ပြီး ကျွန်တော်ရုပ်ရည်၊ ကိုယ်လုံးကိုယ်ပေါက်နဲ့

ကျွန်တော့်ဒီဇိုင်းတွေကို ကြိုက်ပြီး မရှုစိမ့်နိုင်ဖြစ်နေကြတာ။ အဲဒါကြောင့်လည်း ကျွန်တော့်ကို တစ်ရွာလုံးက ဇော်ထိုက်ဆိုတဲ့ နာမည်လှလှလေးကို ဖျက်ပြီး ဗလလို့ သမုတ်ကြတာပေါ့။

ပြီးတော့ ဟောဒီတစ်ရွာလုံးမှာ ဆယ်တန်းအထိ နေဖူးတဲ့လူဆိုတာ လက်ချိုးရေလို့ရတယ်။ အဲဒီ လူတွေထဲမှာမှ ကျွန်တော်က အတော်ဆုံး အတတ်ဆုံး အသိဆုံးရယ်။

ဟုတ်တယ်လေဗျာ . . . သူတို့တွေက ဆယ်တန်းကို တစ်နှစ်လောက် နေဖူးကြတာရယ်။ လွန်ရော ကျွံရော နှစ်နှစ်ပေါ့။ ကျွန်တော်ဆိုတာက အဲဒီ တစ်ရွာလုံး မနေဖူးတဲ့ဆယ်တန်းကို နေလာတာ ဒီနှစ်ရောဆို ငါးနှစ်ရှိပြီ။

အဝတ်အစား ဒီဇိုင်းအကြောင်းပြောရဦးမယ်ဆိုရင် ကျွန်တော်က တယ်လီဖေးရှင်း အမြဲကြည့်တတ်တယ်။ တစ်ရွာလုံးမှာလည်း တယ်လီဖေးရှင်းဆိုတာက ကျွန်တော်တို့ အိမ်နဲ့ သူကြီးအိမ်တို့ပဲ ရှိတာလေဗျာ။

ကဲ . . . ကျွန်တော်က တယ်လီဖေးရှင်းထဲက ရာဇာနေဝင်းကို သိပ်ကြိုက်တာဗျ။ အဲဒီ တော့ သူဝတ်သလိုဝတ်တယ်။ သူသွားသလိုသွားတယ်။ ဆံပင်ပုံကအစ ဒီရွာက ဆံပင်ညှပ်တဲ့လူကို သိပ်မကြိုက်လို့ ဟိုဘက်ရွာမှာ သွားညှပ်ထားတာ။ ထန်းရည်တောင် တိုက်လိုက်ရသေးတယ်။

နောက်ပြီး ကျွန်တော်က နားပေါက်ဖောက်ပြီး နားကပ်တောင်တပ်ထားသေးတယ်။ အဲဒါ အဓိကအချက်ပဲ။ လူတွေက ကျွန်တော့်ကို အရူးအပေါမှတ်နေတယ်။

တကယ်တော့ သူတို့က ခေတ်အမြင်လည်း မရှိဘူး။ ရာဇာနေဝင်းကိုလည်း မသိဘူးလေဗျာ။ ကျွန်တော်သာ အမြင်ကျယ်လွန်းလို့ ဒီလို နေနိုင်ထိုင်နိုင်တာကိုး။

အဲသလို . . . အဲသလိုပေါ့ဗျာ။ ပြောပြရင်တော့ ကုန်နိုင်မယ်မထင်ဘူး။

ကျွန်တော့်ကို မနာလိုဖြစ်ကြပုံတွေကို။ ကျွန်တော့်ဘက်ကတွေးကြည့်ကြစမ်းပါ။ ကျွန်တော့်လိုကောင်မျိုးကို တစ်ရွာလုံးက ဖူးဖူးမှုတ်မထားသင့်ဘူးလားဗျာ။ ဟော . . . အခုတော့ သူတို့က ကျွန်တော့်ကို အလကားကောင်လို့ သတ်မှတ်နေကြတာလေ။ တကယ် ရယ်စရာ ကောင်းတယ်။

ဖဲရိုက်တယ်ဗျာ။ ဘာဖြစ်လဲ။ ဒါ လူတိုင်းရိုက်နိုင်တာ မဟုတ်ဘူး။ ဖဲပညာလိုတယ်။ နောက် ပိုက်ဆံရှိဖို့လိုတယ်။ တော်ရုံတန်ရုံလူ ဝင်ကစားလို့ရမလား။

ကျွန်တော်ပြောတာ မဟုတ်ဘူးလား။ သူတို့ထက် သုံးနိုင် ဖြုန်းနိုင်လို့ ကျွန်တော်က ဒိုင်တောင်ခံသေးတယ်။ ဒါကိုလည်း နာလိုကြတာ မဟုတ်ဘူးဗျာ။

ထန်းရည်သောက်တယ်ဗျာ။ ဘာဖြစ်လဲ။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်သောက်တာပဲ။ စကားပုံတောင် ရှိသေးတယ်။ သောက်သောက်စားစား လူမင်းသားတဲ့။

ကျွန်တော်က ဖဲကို မင်းသားလေးတပါးလို ဖြစ်နေတာကို မနာလိုနေကြတာ။ အဲဒါကြောင့် ကျွန်တော့်ကို အကောင်းမမြင်ကြတာပေါ့။

အဲသလို အဖက်ဖက်က သာလွန်နေတဲ့ ကျွန်တော်က ဒီရွာက လူတွေမော့ကြည့်တာတောင် မခံနိုင်ဘူး။ အဲဒါကြောင့်လည်း ပုံစံမကျတဲ့ကောင်တွေ တွေ့ရင် ကျွန်တော်က ဆွဲရိုက် ရိုက်ဖြစ်တာ။ အဲဒါ ကျွန်တော် လွန်သလားဗျာ။

သူကြီးလည်း ဘာမှမထူးဘူး။ ဦးနှောက်မရှိဘူး။ ကျွန်တော့်ကိုဆို ထိတ်တုံးခတ်ဖို့ပဲ ချောင်းမြောင်းနေတာ။ ခက်တာက ဒီတစ်ရွာလုံးမှာလည်း သူ ထိတ်တုံးခတ်ပြီး အပြစ်ပေးရမယ့်လူက ကျွန်တော်တစ်ယောက်ပဲ ရှိတယ်ထင်တယ်။

တကယ်ဆို သူကြီးအနေနဲ့ ကျွန်တော့်ကို ကျေးဇူးတောင် တင်သင့်သေးတယ်။ သူ့ခမျာ သူကြီးသာ လုပ်နေရတာ ဘာအလုပ်မှ မယ်မယ်ရရရှိတာ မဟုတ်ဘူးရယ်။ ကျွန်တော်ရှိနေလို့သာ သူ သူကြီးဆိုတာကို

လူတွေသတိရနေကြရတာ ။ မဟုတ်လို့ကတော့ သူကြီးဆိုတာ ဂျိုနဲ့လားဆိုပြီး မေးယူကြရမှာ။

ကျွန်တော်ထင်တယ်၊ ကျွန်တော် လူမှန်းသိတတ်စကတည်းက အဲ့ဒီထိတ်တုံးကို ဘယ်သူမှ အခတ်မခံရဖူးဘူး။ ကျွန်တော်ပဲ ဝင်လိုက်ထွက်လိုက် လုပ်နေရတာ ။ ကျွန်တော်တောင် စဉ်းစားမိသေးတယ်။

အဲ့ဒီ ထိတ်တုံးကြီးကို သူကြီးအိမ်ကနေ ကျွန်တော့်အိမ်ကို ရွှေ့ထားရင် ကောင်းမလားလို့။ အဲ့ဒါဆို ကျွန်တော်ရော အမေရော ပြီးတော့ သူကြီးပါ အဆင်ပြေတယ်။

ကျွန်တော်လည်း ကိုယ့်အိမ်မှာတင် ကိုယ်နေရတယ်။ သူကြီးအိမ်မှာလည်း အလုပ်မရှုတ်တော့ဘူး။ ပြီးတော့ အမေလည်း တကူးတကနဲ့ ကျွန်တော်ကို ထမင်းထုပ် လာလာပို့စရာမလိုတော့ဘူး။ ဟုတ်တယ်နော်။ နောက်မှ သူကြီးကို ဒီအကြံလေးပြောဦးမှ။

ဒီထိတ်တုံးကို ကျွန်တော်အရင် ဝင်လိုက်ထွက်လိုက်လုပ်တဲ့သူ တစ်ယောက်ပဲရှိခဲ့ဖူးတာတဲ့လေ။ အဲဒါ ဘယ်သူမှတ်သလဲ။ ကျွန်တော့်အဖေ ကျော်ထိုက်ပဲ။ အဖေမရှိတော့တဲ့နောက် ကျွန်တော်ပဲ ဒီတာဝန်ကို ယူထားရတာ လေ။ သမိုင်းပေးတာဝန်ပေါ့ဗျာ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဂုဏ်ယူတယ်။ အဲ့ဒါကြောင့်လည်း ကျွန်တော်က ဒီထိတ်တုံးအခတ်ခံရတာ ကို အသည်းအသန် မငြင်းတာပေါ့။ နောက်ပြီး ကျွန်တော်က ဒီထိတ်တုံးကြီးကိုလည်း သံယောဇဉ် ဖြစ်နေမိပြီလေဗျာ။

အဲဒါကြောင့်လည်း အမေက မကြာခဏ ပြောတာနေမှာ။အို . . . ဘာတဲ့ . . .

"ဗလ . . . နင်က ဖအေတူသား" တဲ့။